မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 8/ Issue 4 / April / 2015

## သေခြင်းမှ ရှင်ပြန်ထမြောက်ပြီ

ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း (ယေရှုသည်) ရှင်ပြန်တော်မူ၏။
(ရော၊ ၄း ၂၅)

မာဂဒါလမာရိနှင့် အခြားသောမာရိသည် သင်္ဂြိုဟ်ပြီး သုံးရက်မြောက်သောနေ့တွင် အလောင်းတော်ကို ပြင်ဆင်ရန် သင်္ချိုင်းသို့ သွားရာ " ဤအရပ်၌ မရှိ ၊ မိန့်တော်မူသည် အတိုင်း ထမြောက်တော် မူပြီ "ဟု ကောင်းကင်တမန် ဆိုသည်။ အလွန် ဝမ်းမြောက် ဝမ်းသာလျက်၊ တပည့်တော် တို့အား ထိုသတင်းကို ကြားပြောရန် အပြေးပြန်လာကြစဉ်၊ လမ်းခုလတ်၌ သခင်သည် သူတို့ကို ဆီးကြိုပြီး " ဝမ်းမြောက်ကြလော့။ သင်တို့အား မင်္ဂလာ ဖြစ်စေသတည်း " ဟု မိန့်တော်မူ၏။

ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည် အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။

ယခုတွင်၊ ဧဝံဂေလိ တရားတည်းဟူသော ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်မူကြောင်းကို ဟောပြောရသည် ဖြစ်၍၊ သေသော သူတို့သည် ထမြောက်ခြင်းမရှိပါဟု လူအများတို့သည် အဘယ်ကြောင့် ပြောဆိုကြသနည်း။ သေသော သူတို့သည် ထမြောက်ခြင်း မရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ။ ခရစ်တော်သည် ထမြောက်တော်မူခြင်းမရှိလျှင်၊ ဟောပြောသက်သေခံခြင်း၌ အကျိုးမရှိ။ လူများတို့ ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။ ထိုမျှမက၊ ဟောပြောသောသူတို့သည် ဘုရားသခင်၏ အမှုတော်မြတ်ကို ထမ်းဆောင်ရာမှာ မမှန်သော သက်သေခံများအဖြစ်သို့ ရောက်ကြရ၏။

သခင်ယေရှု အသေခံခြင်းသည် အသွေးသွန်း၍ အပြစ်ဖြေရာပူဇော်သက္ကာကို ပြုခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့၏အပြစ် လွတ်ပြီ။ ဘုရားသခင်သည် ခရစ်တော်ကို ထမြောက်စေတော်မူခြင်းသည် ကျွန်ုပ်တို့ ထာဝရအသက်ရဖို့ဖြစ်၏။ ခရစ်တော်ကို အမှီပြု၍ မြော်လင့်ခြင်းရှိ၏။ သခင်ယေရှု၏ သေခြင်းနှင့်ရှင်ပြန်ထမြောက်ကြောင်းကို ဝမ်းမြောက်စွာ ကြွေးကြော်ကြကုန်စို့။

# APRIL







## 2015, April Events

*Easter Sunrise Service*
*4/ 5/ 2015, 6:00 AM*
*Granada Park,*
*2233. Whitney Dr.*
*Alhambra, CA 91803*
~~~~~~~~~~~~~~~

*Easter Sunday & Holy Communion*
4/ 5/ 2015
~~~~~~~~~~~~~~~

*BCF Board Meeting*
4/ 12/ 2015
~~~~~~~~~~~~~~~

*Burmese New Year*
4/ 19/ 2015
~~~~~~~~~~~~~~~

*Every Sunday Worship Service*
*At 2:00PM*
*St. Luke's Episcopal Church.*
*122 S. California Ave.*
*Monrovia, CA 91016*
~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

# မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

# BURMESE CHRISTIAN FELLOWSHIP

## ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ
## ရက်သတ္တပါတ် ချီးမွမ်းဆုတောင်းခြင်း

မတ်လ/၃၀ /၂၀၁၅ တနင်္လာနေ့
မှ
ဧပြီလ/၅ /၂၀၁၅ တနင်္ဂနွေနေ့

" ဤအရပ်၌မရှိ၊ မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ၊ "




Join us for Praying and Praising!!

**Monday, March 30, 2015**



## သန့်ရှင်းစင်ကြယ်

ရှင်မာကု၊ ၁၁ း ၁၇။ ငါ့အိမ်ကို လူအမျိုးမျိုး ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့။

ယေရုရှလင်မြို့ အနီးသို့ရောက်လျှင် ဗိမာန်တော်ကြီးကို ထင်ရှားစွာ တွေ့မြင်ရသည်။ သခင်ယေရှုသည် ယေရုရှလင်မြို့ကို လှမ်းမျှော်ကြည့်၍ မျက်ရည်ကျတော်မူ၏။ ယခုတွင် သခင်ယေရှုသည် ယေရုရှလင်မြို့ ဗိမာန်တော် အထဲသို့ ရောက်နေပါပြီ။ ဗိမာန်တော်ကို ဓါးပြတွင်းဖြစ်ရအောင်လုပ်နေသူအများမှာ ကျမ်းပြုဆရာနှင့် ယဇ်ပုရောဟိတ်အကြီးတို့ ဖြစ်ကြောင်းကို သိနေ၏။ ခိုကလေး၊ ဆိတ်ကလေး၊ သိုးကလေးများကို အမြတ်ကြီးစားတင်ရောင်း။ ငွေလဲလှယ်သောနေရာမှာအခန့်သားထိုင်။ ခိုသံ၊ ဆိတ်သံ၊ သိုးသံ၊ ပိုက်ဆံသံ၊ လူသံ တွေနဲ့ ဆူဆူညံညံ၊ ပေရေညစ်ကျန်နေသော ဗိမာန်တော်ကြီးကို တွေ့မြင်ရသဖြင့် သခင်ယေရှုသည် ရောင်းဝယ်သူတို့ကို နှင်ထုတ်။ ပွဲစားခုံများ၊ ချိုးငှက်ရောင်းသောသူတို့၏ ထိုင်ခုံများကို တွန်းလှဲ၍ ဆုတောင်းရာအိမ်ဟူ၍ခေါ်ဝေါ်သော ဗိမာန်တော်အထဲ၌ ဤကဲ့သို့ အမှုမျိုးကို အဘယ်သူမျှ မဆောင်မရွက်ရဟု ဆုံးမဩဝါဒပေး၍တားမြစ်တော်မူ၏။

ထိုစဉ် ဗတ္တိဇံဆရာယောဟန် ဟောကြားခဲ့သော နောင်တတရားကို မလိုက်လျှောက်သူအများက ကိုယ်တော်ရှင်၏လုပ်ရပ်ကို မကျေမနပ်။ ကိုယ်တော်ရှင်ကို ယုံကြည်မှုမရှိ၍၊ ကိုယ်တော်၏အခွင့်အာဏာကို လက်မခံ။ ကိုယ်တော်ကို အသိအမှတ်လည်း မပြု။ ဤသည်ကား ထိုသူတို့၏ မဟာအမှားဖြစ်သည်။

ကျွန်ုပ်တို့အသက်တာမှာနောင်တမရ။ ရိုးသားဖြူစင်သောစိတ်သဘောဖြင့် သခင်ယေရှုထံတော်သို့မလာ။ ကိုယ်တော်ရှင်၏ အခွင့်အာဏာကို လက်မခံ။ ကိုယ်တော်ရှင်ကို ယုံကြည်ကိုးစားမှု မရှိခဲ့သော်၊ နောက်ဆုံးသော တရားစီရင်ရာနေ့မှာ ကျွန်ုပ်တို့အတွက် ကိုယ်တော်အရှင်ကဘာမျှလုပ်ပေးမည် မဟုတ်ပါ။ ထိုထက်မက သင်တို့ကို ငါအလျှင်းမသိ။ အဓမ္မအမှုကို ပြုသောသူများတို့ငါ့ထံမှဖယ်ကြဟု ငြင်းပယ်ခြင်း ခံရပါလိမ့်မည်။ ကိုယ်တော်ရှင်သည် ကောင်းကင်ဘုံ၌ရှင်း၊ မြေကြီးပေါ်၌ရှင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ပိုင်ဆိုင်ကြောင်းကို သတိရကြပါ။

ဆုတောင်း၊

ကျွန်ုပ်တို့၏ မကောင်းသောအမှုအရာ အားလုံးကို ဖယ်ထုတ်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်၊နှုတ်၊ နှလုံး၊ သုံးပါးလုံးကို သန့်ရှင်းစင်ကြယ်စေတော်မူပါ။ ကျွန်ုပ်တို့သည်နောင်တရလျှက် သခင်ယေရှု၏ အခွင့်အာဏာဖြင့် ပြုတော်မူသမျှကို အသိအမှတ်ပြု၍လက်ခံပါ၏။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာမှာအတူပါရှိတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

## Tuesday, March 31, 2015



### အဆီးအတား

ရှင်မာကု၊ ၁၅ း ၃၈။ ဗိမာန်တော်၏ကုလားကာသည် အထက်စွန်းမှအောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။

ကရာနီတောင်ကုန်းတွင် သခင်ယေရှု အသက်တော် ချုပ်ငြိမ်းသွားသည်နှင့် တပြိုင်နက် ချိန်ကိုက်ထားသည့်အလား ယေရှုရှလင်မြို့ရှိ ဗိမာန်တော်၏ ကုလားကာကြီးသည် အထက်စွန်းမှ အောက်စွန်း တိုင်အောင် စုတ်ကွဲသွားပါသည်။ ဤသို့ စုတ်ကွဲသွားသော ကုလားကာကြီးသည် နုယ်နုယ်ရရ မဟုတ်။ နှစ်ပေါင်းရာနှင့်ချီပြီး ဗိမာန်တော်ထဲ၌ မင်းမူကြီးစိုးခဲ့သော အဓိကရ ကုလား ကာကြီးဖြစ်ပါသည်။ ထိုကုလားကာကြီး တည်ရှိ၍ နေသမျှကာလပတ်လုံး ဗိမာန်တော် အတွင်းရှိ အသန့်ရှင်းဆုံးအခန်းထဲသို့ ယဇ်ပုရောဟိတ်မင်းမှတပါး အခြားမည်သူမျှမဝင်ရပါ။ ဘုရားနှင့်လူကို ခြားနားထားသော ကုလားကာကြီး ဖြစ်ခဲ့၏။

ယခုမူကား၊ ဘုရားသားတော် သခင်ယေရှု အားဖြင့် ထိုကုလားကာကြီးကို ထက်ခြမ်းခွဲ လိုက်ပါပြီ။ အကြောင်းရင်းမှာ–သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းတော်မူသော ဘုရားသခင်ထံတော်သို့ အယုတ်အလတ်အမြတ် မရွေး၊ လူသားမှန်သမျှ အဆီးအတား မရှိ၊ သခင်ယေရှု အားဖြင့် တိုးဝင် ချဉ်းကပ်နိုင်ပါပြီ။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခွင့်ရပါပြီ။

ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို ဝေးကွာစေခဲ့သော အတားအဆီး ဖြစ်သည်။ ကိုယ်တော်ရှင်သည် ကားတိုင်ပေါ် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက် ခြင်းအားဖြင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်၏မေတ္တာကြားရှိ အတားအဆီးကို သခင်ယေရှု ဖယ်ရှား ပေးခဲ့သည်မှာ ကြီးမြတ်သောအခွင့်ထူးဖြစ်၏။ ပျက်စီးခြင်းမှကယ်တင်ခြင်း၊ ချည်နှောင်ခြင်းမှလွတ် လပ်ခြင်း၊ ဝမ်းနည်းခြင်းမှဝမ်းသာခြင်း၊ ဆင်းရဲခြင်းမှဝပြောခြင်း၊ ဖျားနာခြင်းမှကျန်းမာခြင်း၊ ထဲသို့ သခင်အသက်ပေးခဲ့သောကြောင့် ကျွန်ုပ်တို့သည် အတားအဆီးမရှိ ဖြတ်ကျော်ခွင့်ကို ရရှိခဲ့ပါ၏။

ဆုတောင်း၊

သခင်ယေရှု အသွေးတော်သွန်းခြင်းအားဖြင့် အပြစ်ဖြေရာ ပူဇော်သက္ကာကို ပြုခဲ့သောကြောင့် ကျွန်ုပ်တို့၏အပြစ် လွတ်ပြီး၊ နောက်တဖန် အပြစ်ဖြေသောပူဇော်သက္ကာယဇ်ကို ပြုစရာအကြောင်း မရှိတော့ပါ။ သခင်ယေရှု၏ ကိုယ်ခန္ဓာ တည်းဟူသော ကုလားကာအားဖြင့် သခင် ပြင်ဆင်တော် မူသော အသက်လမ်းသစ်တွင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတား မရှိ ဝင်ရသောအခွင့် ရရှိသောကြောင့် ကျေးဇူးတော်သည် ကြီးမြတ်ပါ၏။ အာမင်။

## Wednesday, April 1, 2015



### ပွဲတော်မင်္ဂလာ

ရှင်မာကု၊ ၁၄ း ၂၅။ ကိုယ်တော်က "ငါအမှန်ဆိုသည်ကား၊ ဤစပျစ်ရည်မျိုးအသစ်ကို ဘုရားသခင် ၏နိုင်ငံတော်၌ ငါမသောက်မှီ နေ့တိုင်အောင် ယခုမှစ၍ တဖန် ငါမသောက်ရ"ဟုမိန့်တော်မူ၏။

ကိုယ်တော် ပြင်ဆင်သော ပွဲတော်မင်္ဂလာသည် မျှော်လင့်ခြင်း အပြည့်အဝ ပါဝင်သော ပွဲတော် ဖြစ်ကြောင်းကို ရှေးဦးစွာ ပြောလိုပါ၏။

သေချာစွာ စဉ်းစားကြည့်လျှင်၊ ကိုယ်တော်ရှင်၏ နောက်ဆုံးသောညစာစားပွဲတော်သည် သာမန်ပသခါညစာကဲ့သို့ လုပ်ရိုးလုပ်စဉ် မဟုတ်ပါ။ တမန်တော်များနှင့်အတူ ယခုစားသောက်၍ ပြီးသွားခြင်းမျိုးလည်း မဟုတ်ပေ။ ကောင်းကင်ဘုံသို့ ရောက်လျှင် ကိုယ်တော်ရှင်နှင့် အတူတကွ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲကို တပည့်တော်တို့ ဝင်စားနိုင်ဖို့ရန်၊ ပြင်ဆင်လမ်းခင်း ပေးလျှက်ရှိ သောကြောင့် လွှန်စွာနက်နဲပြီး မြင့်မြတ်သောမျှော်လင့်ခြင်း ဖြစ်သကဲ့သို့ ကိုယ်တော်ကို လက်ခံ သူတပည့်တော်တို့အတွက် ခွန်အားတက်စေသော ဝမ်းမြောက်ဖွယ်ရာအကြောင်း ဖြစ်ခဲ့၏။

သခင်ယေရှု အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်းကြောင့် ကျွန်ုပ်တို့၏ အသက်သည် ဤလောကထဲ၌ အဆုံးသတ်၍ ပြီးမသွားပါ။ သခင်ယေရှုက၊ ငါသည် ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ် ကြလိမ့်မည်ဟု ကတိတော်ရှိပါသည်။

နောက်ဆုံး၌၊ မြင့်မြတ်တော်မူသော ကိုယ်တော်ရှင်နှင့်အတူ ကောင်းကင်ဘုံမှာ မင်္ဂလာ ပွဲတော်ကို ခံယူကြရဦးမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မထိုက်မတန် သော်ငြားလည်း မင်္ဂလာ ဆုကျေးဇူးကို ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံတော်မူသော ကိုယ်တော်ရှင်က ယုံကြည်သူတပည့်တော် တို့အားပေးထားပါသည်။

ဆုတောင်း၊

ကျွန်ုပ်တို့သည် သန့်ရှင်းသော ပွဲတော်မင်္ဂလာကို ဝင်စားသည့် အခါခါတိုင်း၊ မိမိကိုယ်ကို နှိမ့်ချလျက်၊ ကျေးဇူးတင်ခြင်း၊ ကိုယ်တော်ရှင်ကို ချစ်ခြင်း၊ ရိုသေခြင်း၊ လက္ခဏာတို့ဖြင့် ကိုယ်တော် ရှင်ပြုတော်မူခဲ့သောအမှုတို့ကို အောက်မေ့သတိရလျက် ဝင်ကြပါ၏။ ကျွန်ုပ်တို့၏စိတ်ကို သန့်ရှင်း ဖြစ်စေတော်မူပါ။ အာမင်။

## Thursday, April 2, 2015



### မှန်သောစကား

ရှင်မာကု၊ ၁၅ း ၃၅–၃၉။ စင်စစ် ဤသူသည် ဘုရားသခင်၏ သားတော် မှန်ပေ၏ ဟုဆို၏။

သခင်ယေရှု၏ ကားတိုင်ရှေ့မှာ ရပ်နေသူ ရောမတပ်မှူးတစ်ဦးသည် မိမိတာဝန်အရ၊ ယခုကဲ့သို့ လူ့အသက်ပေါင်းများစွာကို သတ်ဖို့ရန် ကားစင်တင်ခဲ့သော အကြိမ်ပေါင်းနည်းမည်မဟုတ်။ သူလုပ်နေကျ လုပ်ရပ်ဖြစ်၍၊ အတွေ့အကြုံရင့်ကျက်နေပြီမို့ မဆန်းတော့ပါ။ သို့သော် ယခုအကြိမ်တွင်၊ သူမြင်တွေ့နေကျ မြင်ကွင်းမျိုး မဟုတ်ပါ။ အားလုံး အသစ်အဆန်းဖြစ်၍၊ ထူးခြားနေ၏။

ကားတိုင်မှာ သံနှင့်ရိုက်ထားခံရနေစဉ် နာကျင်မှုသက်သာစေရန် ထုံဆေးတမျိုးဖြစ်သည့် ပုန်းရည်ကို တိုက်သောအခါ ကိုယ်တော်ရှင် မသောက်ပါ။ ယခုကဲ့သို့ အချိန်မျိုးမှာ အခြားသူတွေ သေခါနီး ဂယောင်ခြောက်ခြား အဖြစ်မျိုးလည်း မတွေ့ရပါ။ အရိုးကိုလည်း မချိုးရပါ။ သခင်ယေရှုသည် ခမည်းတော်ထံ ဆုတောင်းအပ်နှံလျက် အသက်ချုပ်တော်မူကြောင်းကို ရှေ့တော်၌ ရပ်နေသောတပ်မှူးသည် မြင်လျှင်၊ "စင်စစ် ဤသူသည် ဘုရားသခင်၏သားတော်မှန်ပေ၏။" ထိုကဲ့သို့ တပ်မှူးပြောလိုက်သောစကားသည် မှန်သောစကား၊ သစ္စာစကား ဖြစ်ပေ၏။

ကျွန်ုပ်တို့အတွက် ကားတိုင်ပေါ်တင် သတ်ခြင်းခံရသူသည် ရိုးရိုးသာမန်လူသား မဟုတ်။ သာမန်ဘာသာရေးခေါင်းဆောင်တစ်ဦး မဟုတ်။ သာမန်လူမျိုးရေးအကြီးအကဲတစ်ယောက်လည်း မဟုတ်ပါ။ ဘုရားသားတော်စစ်စစ်၊ ဘုရားသခင်၏သားတော် အမှန်ဖြစ်၏။

အဘယ်ကြောင့် ဘုရားသားတော်သည် ဤလောကမှုဒုစရိုက်သားများအတွက် အသေခံရသနည်း။ ချစ်၍ အသေခံခြင်း ဖြစ်ပါသည်။ လောကသား အပေါင်းတို့ ပျက်စီးခြင်းသို့ မရောက်ထာဝရအသက်ကို ရရှိစေလိုသော ခမည်းတော်၏ဆန္ဒကို ပြီးပြည့်စုံအောင် ဖြည့်ဆီးပေးခြင်းသည် ချစ်လွန်းလို့ဖြစ်သည်။ အဘခမည်းတော်ကိုချစ်သော သားတော်သည် အဘခမည်းတော်ချစ်တော်မူသောလူတွေကိုလည်း အကောင်းဆုံးမိတ်ဆွေ အဖြစ်နှင့် ချစ်ခင်ပါ၏။

ဆုတောင်း၊

ကိုယ်အဆွေတို့အဘို့အလိုငှါ မိမိအသက်ကိုပင် စွန့်တော်မူသော သခင်ယေရှု၏မေတ္တာတော်သည် တုနှိုင်းလို့မရပါ။ ကိုယ်တော်သည် ခမည်းတော်ဘုရား၏ချစ်သားတော် ဖြစ်ကြောင်းကို ဝန်ခံပါ၏။ ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ထူးကို ပေးတော်မူသောကြောင့်လည်း ကျေးဇူးတင်ပါ၏။ အာမင်။

## Friday, April 3, 2015



### မှောင်မိုက်အတိ

ရှင်မာကု၊ ၁၅ း ၃၄ ။ သုံးချက်တီးအချိန်၌ ယေရှုက၊ "ဧလိ၊ ဧလိ၊ လာမရှာဗခသာနိ "ဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။

ကားတိုင်ထက်မှ သခင်ယေရှု၏ နောက်ဆုံး အချိန်ပိုင်း ဖြစ်သော မွန်းတည့်အချိန် မှစ၍ သုံးချက်တီးအချိန် တိုင်အောင် မြေတပြင်လုံး၌ မှောင်မိုက်အတိ ဖြစ်သွားသည်။ တစ်နိုင်ငံလုံးတွင် အမှောင်ကျသွားသည်။ သခင်၏ ပြင်းပြစွာ ခံစားနေရသော ဝေဒနာကို ဤကမ္ဘာလောကကြီးက လုံးဝမကြည့်ရက်နိုင်။ သခင့်အပေါ် ပုံချထားတဲ့ လူသားတို့၏ ရက်စက်ယုတ်မာပုံကို မမြင်လိုပါ။ လူအများ၏ စိတ်နှလုံးထဲ မှောင်မိုက်ဖုံးလွှမ်းနေ၍ အမှန်/အမှား၊ ကောင်း/မကောင်း ကိုခွဲခြား၍ ကွဲပြားအောင် မဆုံးဖြတ် နိုင်ကြတော့ပေ။ မနာလိုသောစိတ်က လူထု၏ နှလုံးသားကို ဖုံးလွှမ်း၍ အမှောင်အတိကျနေပြီ။

သခင်ယေရှုသည် ကမ္ဘာမြေပေါ်ရှိ လူသားတစ်ယောက်မကျန် အားလုံးတို့၏အပြစ်ဝန်ကို ခံယူ၍ ထမ်းထားရသည့်အတွက် အမှောင်တကာ့အမှောင်ဆုံး ကျရောက်နေချိန်မှာ မခံမရပ်နိုင်၍၊ "အကျွန်ုပ်ဘုရား၊အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း"ဟုအနက် အဓိပ္ပါယ်ရသော "ဧလိ၊ ဧလိ၊ လာမရှာဗခသာနိ" ကြီးသောအသံနှင့် ကြွေးကြော်လိုက်သည်။

ထိုအချိန်တွင် သခင်ယေရှုက အဘခမည်းတော်ကို တောင့်တနေသကဲ့သို့ အဘခမည်းတော်ဘုရားသည် သားတော်နှင့်တကွ လောကသားများကို စွန့်ပစ်၍မထားပါ။ ကျွန်ုပ်တို့အပြစ်မှောင်မိုက်ကျနေချိန်မှာပင် တစ်ခုတည်းသော မျှော်လင့်ခြင်း ထွက်ပေါ်လာပါ၏။ သခင်ယေရှုသည် ကျွန်ုပ်တို့အားလုံးကို အပြစ်မှောင်မိုက်ထဲမှ ကယ်တင်လိုက်ပြီ ဖြစ်၍၊ ကျွန်ုပ်တို့သည် အသက်၏ အလင်းရှင်ကိုရရှိပြီမို့၊ စိုးရိမ်ကြောက် ရွံ့နေစရာမလိုပါ။ သင့်ကိုမစွန့်၊ သင့်ကို အလျှင်းပစ်၍မထား ဟုဂတိတော်ရှိပါ၏။

ဆုတောင်း၊

ကျွန်ုပ်တို့၏အသက်တာ၌၊ အဘဘုရားသခင်၏ မျက်မှောက်တော်နှင့် ကင်းလွတ်သည့် အခန်းကဏ္ဍတစ်ခုမျှမရှိပါ။ ကိုယ်တော်သည် ကြီးမြတ်၍ အံ့ဘွယ်အမှုတို့ကိုလည်း ပြုတော်မူပါ၏။ ကျွန်ုပ်တို့၌ ဆိုးဝါးသောအပြစ်များ ရှိနေစဉ်ပင် သားတော်ရှင်ယေရှု အားဖြင့် အံ့ဩစရာအဖြစ်သို့ ပြောင်းလဲပေးခဲ့ပါပြီ။ ကျွန်ုပ်တို့၏ ဇာတိသဘောနှင့် များလှသောအပြစ်များကို ပြန်လည်သိမြင်၍ စစ်မှန်သော နောင်တဖြင့် ဝန်ချကာ တောင်းပန်ပါ၏။ လက်ခံတော်မူပါ။ ... အာမင်။

## Saturday, April 4, 2015



### ကျိန်းဝပ်ရာနေရာ

ရှင်မာကု၊ ၁၅ း ၄၅ ။ အလောင်းတော်ကို ယောသပ်အား အပ်ပေး၏။

ကားတိုင်မှချလာသော သခင်ယေရှု၏အလောင်းတော်သည် ဆူးဦးရစ်မှဆူးစူး၍ ထွက်စီးလာသောသွေး၊ ရိုက်ပုတ်ကြတဲ့ဒဏ်ရာမှသွေး၊ မထိမဲ့မြင်ပျက်ရယ်ပြုပြီး ထွေးလိုက်တဲ့ တံတွေးများနှင့်ရောနှောကာ ရှုမြင်စဖွယ် မတင့်တယ်ပါ။ ကားတိုင်ပေါ်တင် အရိုက်ခံရသော လက်နှင့်ခြေတို့၏ သံချက်ရာမှသွေး၊ နံဘေးကလှံချက်အပေါက်နှင့် စီးဆင်းလာတဲ့ ရေ၊သွေးတွေက မခြောက်သေး၍၊ တွေ့မြင်နေရသောသူများ ဘယ်လောက်များ စိတ်ထိခိုက် ဝမ်းနည်းကြေကွဲလျက်ရှိကြမည်နည်း။

ထိုကဲ့သို့ သရုပ်ပေါ်နေသောအလောင်းကို မြင်တွေ့ရသော အရိမသဲမြို့သား ယောသပ်သည် အလွန်သနားဖွယ်ရာကောင်းလှသော အပြစ်ကင်းသည့် သခင့်အလောင်းတော်ကို သန့်စင်ဆေးကြောသင်္ဂြိုဟ်ဖို့ စိတ်ဆုံးဖြတ်ပြီး၊ ပိလတ်မင်းထံသို့ ရဲရင့်စွာဝင်၍ ကိုယ်တော်ရှင်၏အလောင်းတော်ကို တောင်းသည့်အခါ၊ အလောင်းတော်ကို သူ့အားပေးအပ်၏။ ယောသပ်သည် ကိုယ်တော်ကိုကားတိုင်ထက်မှ ချကာ၊ ရှုချင်စရာမကောင်းသော ဒဏ်ရာဒဏ်ချက်တို့ကို ပြုပြင်ဆေးကြောပြီး၊ မိမိဝယ်ခဲ့သောပိတ်ချောနှင့်ပတ်ရစ်၊ မိမိ၏ကိုယ်တိုင်စီမံပြုလုပ်ထားသော အသစ်စက်စက်ကျောက်ထွင်းဂူသင်္ချိုင်းထဲမှာ ကိုယ်တော်၏အလောင်းတော်ကို ရိုသေလေးမြတ်သောအားဖြင့် သင်္ဂြိုဟ်ခြင်းအမှုကို ဆောင်ရွက်ခဲ့သည်။ တွင်းဝကိုလည်း ကျောက်တုံးနှင့် အလုံပိတ်ထားခဲ့၏။

ယောသပ်သည် မိမိ၏ကျောက်ဂူသင်္ချိုင်းကို ဖြူစင်သောစိတ်ထားဖြင့် သခင့်အတွက်နေရာပေးသည့်အတွက် နောက်ဆုံးသခင်ထမြောက်သောအခါ၊ ကယ်တင်ရှင်ကျိန်းဝပ်ရာ သန့်ရှင်းသော ကျောက်ဂူသင်္ချိုင်းအဖြစ် ကမ္ဘာဆုံးသည့်တိုင် ကဏ္ဍဝင်သမိုင်းတွင် အထင်အရှား ဆက်လက်တည်ရှိနေဦးမည်။ ကျွန်ုပ်တို့၏ ကိုယ်၊စိတ်၊နှလုံးကို အသစ်တဖန် ဆေးကြောဖြူစင်စေပြီး ကိုယ်တော်ရှင်ကိုကျိန်းဝပ်ခွင့်ပေးအပ်ကြပါစို့။

ဆုတောင်း၊

သမ္မာကျမ်းစာတော်မြတ်အားဖြင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ဘုရားသခင် ကျိန်းဝပ်ရာဗိမာန်တော်ဖြစ်ကြောင်းသိရပါ၏။ ကျွန်ုပ်တို့၏နှလုံးသားမှာ သခင်ဝင်ရောက်၍ကျိန်းဝပ်တော်မူပါ။ ဘုရင်တကာတို့၏ဘုရင် ကျွန်ုပ်တို့၏နှလုံးသားပုလ္လင်မှာ စိုးစံတော်မူပါ။ ထာဝစဉ် ကိုယ်တော်ရှင်ကျိန်းဝပ်ရာ သန့်ရှင်းသောဗိမာန်တော် ဖြစ်ရပါမည့်အကြောင်း ပြုပြင်တော်မူပါ။ အာမင်း။

## Sunday, April 5, 2015



### ထမြောက်ပြီ

ရှင်မာကု၊ ၁၆ း ၁၉ ။ ဘုရားသခင်၏လက်ျာတော်ဘက်၌ ထိုင်နေတော်မူ၏။

ယေရှုသခင် ရှင်ပြန်ထမြောက်ပြီ။ ကောင်းကင်တမန်က“ဤအရပ်၌မရှိ၊ မိန့်တော်မူသည်အတိုင်း၊ ထမြောက်တော်မူပြီ။”ဟုဆို၍၊ အလွန်ဝမ်းမြောက်လျက် ရှိနေစဉ်၊ သခင်သည် သူတို့ကိုဆီးကြိုပြီး “ဝမ်းမြောက်ကြလော့။ သင်တို့အား မင်္ဂလာဖြစ်စေသတည်း”ဟုမိန့်တော်မူ၏။

ထို့ကြောင့် နောက်တော်လိုက် တပည့်တော်များ အနေဖြင့် ဝမ်းမြောက်ဝမ်းသာစရာအကြောင်းဖြစ်ပေ၏။ သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းကို လက်ခံပါက၊ ကျွန်ုပ်တို့အများသည်လည်း ထိုဝမ်းမြောက်ခြင်းနှင့်အတူ မျှော်လင့်ခြင်း၊ ငြိမ်သက်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ကြွယ်ဝပြည့်စုံခြင်း၊ ရွေးနှုတ်ခံရခြင်း၊ အစရှိသည့် ကောင်းကြီးမင်္ဂလာများ ခံစားရရှိမည်။

သမ္မာကျမ်းစာက ‘ကျွန်ုပ်တို့ ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း သခင်ယေရှုသည် ရှင်ပြန်ထမြောက်တော်မူ၏’ဟုပြောထားပါသည်။ ရှင်ပြန်ထမြောက်တော်မူခြင်းတည်းဟူသောဝမ်းမြောက်ဖွယ်ရာ သတင်းစကားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့ သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောပြောသက်သေခံဖို့ သခင်ယေရှုက နောက်ဆုံးအမိန့်ပေးခဲ့သည်ကို အစဉ်နှလုံးသွင်းလျက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရပါမည်။

ယခုတွင် ကယ်တင်ရှင် ယေရှုခရစ်တော်သည် ဘုရားသခင်၏ လက်ျာတော်ဘက်၌ စိုးစံ၍ ထိုင်နေတော်မူ၍၊ အောင်မြင်သော အရှင် ဖြစ်ကြောင်းကို ပြသနေပါ၏။ တဖန်ပြန်လာ၍ မပျက်စီးနိုင်သောကောင်းကင်နိုင်ငံတော် ဝင်စားဖို့ရန် ကျွန်ုပ်တို့ကိုသိမ်းဆည်းဦးမည်။ သခင်မှာကြားသည့်အတိုင်း ‘ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်လော့။’ ဆိုထား၍ ယုံကြည်ခြင်းအပြည့်အဝဖြင့် သစ္စာရှိသောတပည့်တော်များအဖြစ် နောက်တော်လိုက်ကြပါစို့။

ဆုတောင်း၊

ကျွန်ုပ်တို့ ခံစားရသော ကောင်းကြီးမင်္ဂလာများသည် ကျေးဇူးတော် သက်သက်ကြောင့်သာဖြစ်၍၊ ကျွန်ုပ်တို့ အဖို့ လုံးဝအခမဲ့ ဖြစ်သော်ငြားလည်း၊ တန်ဖိုးမဲ့ မဟုတ်ကြောင်းကို သိရှိနားလည်ရပါ၏။။ ကယ်တင်ရှင်၏ အသက်ကို ပေးအပ်ကာ အသွေးတော်နှင့် ရွေးနှုတ်ကယ်ယူတော်မူခဲ့ပါ၏။ ကျေးဇူးတင်ပါ၏။ ခရစ်တော်ထမြောက်တော်မူခြင်းကြောင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အကျိုးမဲ့မဟုတ်။ ဖြောင့်မတ်ရာသို့ ရောက်ရှိရကြပါ၏။ မေတ္တာတော်သည် ကြီးမားပါ၏။ အာမင်။

# မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

# 24 Hours Easter Prayer Chain



ဧပြီလ၊ ၃ရက်၊၂၀၁၅ သောကြာနေ့၊ ညနေ ၆း၀၀ နာရီ

မှ

ဧပြီလ၊ ၄ရက်၊၂၀၁၅ စနေနေ့၊ ညနေ ၆း၀၀ နာရီ

အမည် ________________________________

အချိန် ________________________________

## ဆုတောင်းရန်အချက်များ

### ကျေးဇူးတော်ချီးမွမ်းရန်

- ကျွန်ုပ်တို့ အပြစ်များအတွက် အသက်စွန့်တော်မူသောခရစ်တော် အတွက် အဖဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းရန်၊
- သေခြင်းမှ ရှင်ပြန် ထမြောက်၍ ယနေ့အသက်ရှင်တော်မူသော ခရစ်တော် အတွက် ဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းရန်၊

### ကမ္ဘာလူသားများ အတွက် ဆုတောင်းရန်

- ကမ္ဘာမြေပေါ် ရှိလူသားများအားလုံးတွက် ငြိမ်းချမ်းရေး တောင်းပါ။ အထူးသဖြင့် ဆီးရီးယား၊ အီရပ်၊ အာပဂန်နစ်စတန်၊ လစ်ဗျား၊ နိုင်ဂျီးရီးယား၊ ဆူဒန်၊ အစ္စရေး၊ ပါလက်စတိုင်း နှင့် အခြားအရှေ့ အလယ်ပိုင်းရှိ နိုင်ငံများ၏ ငြိမ်းချမ်းရေး အတွက်၊
- နိုင်ငံများတွင် နှိပ်ကွပ် ညှင်းပန်းခံနေရသော ယုံကြည်သူများ၏ လုံခြုံရေး အတွက်၊
- ဘာသာရေး နှင့် နိုင်ငံရေး အယူသီးသူများ၏ အန္တရာယ်မှ ကာကွယ်ရန်၊
- အယူသီးသူတို့၏ သွေးဆောင်မှုကို လွဲမှားစွာ လက်ခံမှုမရှိရန် လူငယ် များအား မျက်စေ့အလင်း ဖွင့်ပေးရန်၊
- အမေရိကန်နိုင်ငံအစိုးရအတွက်ဆုတောင်းပါ။
- လူဖြူ နှင့် လူမဲကြားရှိ စိတ်ဝမ်းကွဲပြားမှု ပပျောက်စေရန်နှင့် ငြိမ်းချမ်းသာယာဝပြော သော အမေရိကန်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်ရန်၊

### သာသနာလုပ်ငန်း နှင့် ဘုရားသခင်၏ နိုင်ငံတော် အတွက်

- မြန်မာနိုင်ငံတွင် ဘုရားသခင်၏ နိုင်ငံတော် လုပ်ငန်း၌ ပါဝင်လှုပ်ရှား အမှုတော် ထမ်းနေကြသည့် သာသနာ့ဝန်ထမ်းများ – မိသားစုများ နှင့် အသင်းတော်များ အတွက်၊
- အမေရိကန် နှင့် တကမ္ဘာလုံးရှိ မြန်မာအသင်းတော်အတွက်၊
- ကယ်လီဖိုးနီးယားရှိ မြန်မာအသင်းတော်များ၏ လူငယ်အဖွဲ့ဝင်များအတွက်၊
- လူငယ်များ၏ ခွန်အား၊ ရှုပါရုံသစ် နှင့် ယုံကြည်ခြင်းအတွက်၊
- သခင်ယေရှုကို မသိသေးသောနိုင်ငံများ၌ သာသနာပြုနေသူ များ၏ လုံခြုံရေး အတွက်၊
- အမေရိကန်နိုင်ငံတွင် ပညာသင်ယူနေသော မြန်မာနိုင်ငံမှ ဓမ္မကျောင်းသူ/သားများ အတွက်၊

### B. C. F. အတွက်

- အသင်းတော်ပိုင် ဓမ္မ ဝတ်ပြုကျောင်းရရှိစေရေး စီမံချက် အောင်မြင်ရန် အတွက်၊
- သင်းအုပ်ဆရာများ နှင့် မိသားစုများ၊ အသင်းသားများ အတွက်၊
- အသင်းတော်၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းသားများတို့၏ စည်းလုံးမှု နှင့် စိတ်အားထက်သန်စွာ ဆက်ကပ်မှုဖြင့် သာသနာ လုပ်ငန်းများ ပိုမိုတိုးတက် နိုးကြားရန်၊
- B. C. F. လူငယ်များ အတွက်၊
- အသင်းတော်လုပ်ငန်းအားလုံးအတွက် ကောင်းချီးတောင်းခံရန်၊
- အသင်းတော်ရှိ ပညာသင်ကြားနေသော ကျောင်းသားအားလုံး ပညာရေး တိုးတက်ရန် နှင့် အသိပညာ ဖွံ့ဖြိုးရန်၊

## ကူညီမစမှု အထူး လိုအပ်နေသူများ အတွက်

- အမေရိကန်နိုင်ငံသို့ မြန်မာပြည်မှ လာရောက်ရန် ပြင်ဆင်နေသူများ အတွက် ...
- ရောက်ရှိနေသူများအားလည်း အမြဲတမ်း အခြေချ နေထိုင်နိုင်ရေး အတွက် ...
  ပတ်ဝန်းကျင်အသစ်တွင် ဝင်ဆံ့ နေထိုင်နိုင်ရန် အခက်အခဲရှိနေသူများ အတွက် ...
  ဆုတောင်းပါ။
- အလုပ်ရှာနေသူများ အလုပ်လုပ်ခွင့်ပြုစာ လျှောက်ထားသူများအတွက် ဆုတောင်းပါ။
  (မိမိ သိသူများအမည်ဖြင့် တောင်းပါ။)
- မိတ်ဆွေ အဖေါ် မဲ့နေသူများ၊ ယုံကြည်မှု ခွန်အား လိုအပ်နေသူများ အတွက် ...
  (မိမိ သိသူများအမည်ဖြင့် တောင်းပါ။)
- ကိုယ်ခန္ဓာ ကျမ်းမာရေး လိုအပ်နေသူများ၊ စိတ်ဓါတ်ခွန်အား လိုအပ် နေသူများ၊
  ယုံကြည်မှု အင်အားနည်းပါးနေသူများအတွက်၊ (မိမိ သိသူ များအမည်ဖြင့် တောင်းပါ။)
- ငြိမ်သက်ခြင်း မေတ္တာဂရုဏာ နှင့် ချစ်ခြင်းမေတ္တာ လိုအပ်နေသူများ အတွက်
  ကယ်တင်ရှင် ခရစ်တော်ထံမှ ရရှိရန် တောင်းခံပါ။ (မိမိ သိသူများအမည်ဖြင့်တောင်းပါ။)
- အမေရိက နှင့် ကမ္ဘာအရပ်ရပ်ရှိ အသင်းတော်များ၊ မိတ်သဟာယများ၏ အောင်မြင်မှု
  နှင့် လုံခြုံရေးအတွက် တောင်းခံပါ။
- တနင်္ဂနွေနေ့တွင် အလုပ်လုပ်နေရသူများ အတွက် (မိမိသိသူများ နှင့် အသင်းတော်
  အမည်ဖြင့် တောင်းပါ။)
- စိတ်ဓါတ်ကျ ရောဂါခံစားနေရသူများ၊ ဘ၀အသက်တာ၏ အခက်အခဲ နှင့်  ရင်ဆိုင်နေရ
  သူများ ချမ်းသာ ပျောက်ကင်းရန်အတွက် (မိမိ သိသူများ အမည်ဖြင့် တောင်းပါ။)
- ပညာသင်ယူနေသောကျောင်းသားများအတွက် (မိမိ သိသူများ အမည်ဖြင့် တောင်းပါ။)
- ယုံကြည်သူဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် အောင်မြင်ရန် နှင့် ကိုယ်တော်၏ နာမတော်
  ကိုလုပ်ငန်းခွင်တွင် ထင်ရှားနိုင်ရန်၊

## မြန်မာပြည်အတွက်

- ပိုမို ငြိမ်းချမ်းသာယာသောနိုင်ငံဖြစ်လာရေး အတွက် ...
- ကြာရှည်တည်မြဲမည့် ငြိမ်းချမ်းချမ်းရေး ရရှိရန် နှင့် တရားမျှတမှုကို ပြည်သား အားလုံး
  ခံစားစေရန်၊
- မိမိတို့နေအိမ်များကို စွန့်ခွာထွက်ပြေးနေသူများ ခံစားနေရသောဒုက္ခမှ ကင်းဝေး စေရန်၊
- လွတ်လပ် ပွင့်လင်းသော လူ့အသိုင်းအဝိုင်း ပေါ် ပေါက်လာရေး နှင့် လွတ်လပ်စွာ
  ဝတ်ပြုကိုးကွယ်ခွင့်ကို မြန်မာပြည်သား အားလုံး ခံစားခွင့် ရရန်။
- မြန်မာပြည်သား အချင်းချင်း ချစ်ခြင်း မေတ္တာ  ပြန့်ပွားရေး နှင့် တဦး နှင့် တဦး ပိုမို
  နားလည်ရေးအတွက် ...
- အမှန်တရား နှင့် ချစ်ခြင်းမေတ္တာအတွက် အသင်းတော်များမှ မှန်ကန်စွာ ရပ်တည်ရေး၊
- မြန်မာနိုင်ငံတွင် ခရစ်တော်၏ သာသနာ အလင်း ထွန်းလင်း တောက်ပ နိုင်ရေး၊
- တကွဲတပြား ထွက်ပြေးနေရသောမိသားစုများ ပြန်လည်၍ ဆုံတွေ့နိုင်ရေး၊
- ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော် နှင့် မျှော်လင့်ခြင်း ပြန့်ပွားရေး အတွက် ...
  လုပ်ဆောင်နေသူများအား ကာကွယ်ခြင်း၊ ခွန်အား တိုးတက်စေခြင်း နှင့် ကောင်းချီး
  မင်္ဂလာများ ခံစားစေရေး အတွက် ဆုတောင်းခံပါ။

## သင်တောင်းခံလိုသော ဆုတောင်းချက်များ ထည့်သွင်း တောင်းခံပါ။

- ကယ်လီဖိုးနီးယားတွင် မိုးပိုမိုရွာသွန်းရန် အတွက် ...
- ပြစ်မှုများ ပိုမိုများပြားလာနေခြင်းကြောင့် ကယ်လီဖိုးနီးယား၏ ပြည်သူ ပြည်သားများ
  လုံခြုံရေးအတွက်တောင်းခံပါ။
- ကယ်လီဖိုးနီးယားတွင် တရားမဝင်နေထိုင်နေကြသောသူများ ကိစ္စတွင် တရားမျှတ၍
  အများလက်ခံနိုင်သောဖြေရှင်းမှု တခုရရှိရေး၊
- အခြား သင်ထည့်သွင်းလိုသော ဆုတောင်းချက်များ၊
-